# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 8 , 2024 | Volume 75, Number 6

၈.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၃၀ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၂၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၃၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၅၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြင်ဦးလွင်မြို့တွင် စတော်ဘယ်ရီသီးများ စတင်ထွက်ပေါ်



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် စတော်ဘယ်ရီသီးနှံကို အဓိကထား စိုက်ပျိုးကြပြီး ဝင်ငွေကောင်းမွန်သောသီးနှံတစ်မျိုးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် အဆိုပါသီးနှံကို စက်တင်ဘာလနှင့်အောက်တိုဘာလများတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလမှစတင်၍ မေလအထိခူးဆွတ်ရကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီသီးနှံကို စိုက်ဧက ၂၃၅ ဧက စိုက်ပျိုး နိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်း အနေဖြင့် ၉၆၈ ဒသမ ၁၉ ပိဿာထွက်ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် ကျပ် ၄၅ သိန်းခန့်ဖြစ်ကြောင်း၊ ဇန်နဝါရီလမှစတင်၍ စတော်ဘယ်ရီသီးနှံများ ထွက်ပေါ်နေပြီဖြစ်ရာ စတော်ဘယ်ရီ(ထိုင်ဝမ်+ဂျပန်)အကြွပ်သီး အဖွင့်ဈေးနှုန်း အနေဖြင့် တစ်ပိဿာလျှင် ၁၀,ဝဝဝ ကျပ်ဖြင့်လည်းကောင်း၊ စတော်ဘယ်ရီသီး (ထိုင်ဝမ်အချိုသီး) တစ်ပိဿာလျှင် ၁၃,ဝဝဝ ကျပ်ဖြင့်လည်းကောင်း ရောင်းချလျက် ရှိကြောင်း၊ စတော်ဘယ်ရီသီးနှံ ထွက်ပေါ်ချိန် ၅ လတာကာလအတွင်း သီးနှံများ လှိုင်လှိုင် ထွက်ပေါ်ချိန်တွင် ဝယ်လိုအားထက် ရောင်းလိုအားများပြားသည့်အတွက် ဈေးနှုန်းကျဆင်းမှုများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိကြောင်း တောင်သူနှင့်ကုန်သည်များထံမှ သိရသည်။

ဈေးကွက်အနေဖြင့် ပြည်ပတင်ပို့နိုင်မှုမရှိသေးသော်လည်း ပြည်တွင်းဈေးကွက်သို့ အသီးအစိမ်းအနေဖြင့်သော်လည်းကောင်း၊ ယိုစုံ၊ Jum၊ ဝိုင်စသည့် စားသောက်ကုန်များ ထုတ်လုပ်၍သော် လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: DOCA (မန္တလေး)**

## နှမ်းမျိုးစုံ ဈေးကွက် တရုတ်အဝယ်ကောင်းနေတာကြောင့်ဈေးမြင့်တက်



ပြည်တွင်းနှမ်းမျိုးစုံ ဈေးကွက်ထဲကို နှမ်းဝင်ရောက်မှု နည်းလာတဲ့အပြင် တရုတ်နိုင်ငံကလည်း အဝယ်ရှိနေတာကြောင့် နှမ်းဈေးကွက်က ဈေးဆက်တိုက် မြင့်တက်လာနေကြောင်း ကုန်သည်များထံက သိရသည်။

နှမ်းနက်စမုန်အပါအဝင် နှမ်းမျိုးစုံဈေးကွက်သည် ဇန်နဝါရီလ စကတည်းက ဈေးဆက်တိုက်တက်လာတာဖြစ်ပြီး ဒုတိယသီတင်းပတ်အထိ နှမ်း ၄၅ ပိဿာ တစ်အိတ်ကို ငွေကျပ် ၁၅,၀၀၀ မှ ၃၀,၀၀၀ လောက်အထိ မြင့်တက်လာကာ ဇန်နဝါရီလကုန်ပိုင်းတွင် နှမ်း ၄၅ ပိဿာ တစ်အိတ်ကို ငွေကျပ် ၂၀,၀၀၀ မှ ၅၀,၀၀၀ အထိ ထပ်မံမြင့်တက် လာသည်။

လက်ရှိ ဇန်နဝါရီလ နောက်ဆုံးပတ် မန္တလေးကုန်စည်ဈေးကွက်တွင် နှမ်းနက်စမုန်က ၄၅ ပိဿာကို ငွေကျပ် ၃,၆၅,၀၀၀-၄,၃၀,၀၀၀၊ နှမ်းဖြူဂျပန်က ငွေ ကျပ် ၄,၁၀,၀၀၀-၄,၂၀,၀၀၀၊ နှမ်းဖြူရိုးရိုးကလည်း ငွေကျပ် ၃,၆၀,၀၀၀-၃,၈၅,၀၀၀ ဈေးပေါက်ပြီး နှမ်းညိုကလည်း ငွေကျပ် ၃,၁၇,၀၀၀-၃,၂၀,၀၀၀ ဈေးဖြစ်လာသည်။

နှမ်းကို ပြည်ပတင်ပို့မှုအနေဖြင့် တရုတ်ကိုသာ အဓိကတင်ပို့ရောင်းချရသည့်အတွက် တရုတ်ရဲ့နှမ်းလိုအပ်ချက်၊ ဝယ်လိုအားအပေါ်လိုက်ပြီး ပြည်တွင်းနှမ်းဈေးကွက်က အတက်အကျဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထို့ပြင် ပြည်တွင်းဒေါ်လာ ဈေးအတက်အကျ၊ ပို့ကုန်မူဝါဒ အပြောင်းအလဲတွေကြောင့်လည်း ဈေးအပြောင်းအလဲရှိနိုင်ကြောင်း ကုန်သည်တွေကပြောသည်။

နှမ်းစိုက်ပျိုးမှုကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးမှာ အဓိကစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအနေနှင့် ဆီကြိတ်ခွဲခြင်း၊ မုန့်လုပ်ငန်းတွေမှာ အသုံးပြုလျက်ရှိသည်။

နှမ်းမျိုးစုံ ဈေးမြင့်တက်လာမှုနှင့်အတူ မန္တလေးကုန်စည်ဒိုင်၊ နယ်ကုန်စည်ဒိုင်တွေမှာလည်း နှမ်းမျိုးစုံ အရောင်းအဝယ် သွက်နေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပခုက္ကူကုန်စည်ဒိုင်၌ ပဲယင်းဝါ၊ ပဲယင်းနီ အရောင်းအဝယ်ဖြစ်မှုနှင့်ဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူကုန်စည်ဒိုင်သည် စီးပွားရေးအချက်အချာကျပြီး ပခုက္ကူရှိ ကျွန်းရွာများအပြင် ယောနယ်ဒေသ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပုလဲနယ်စသည့်နယ်ပေါင်းစုံမှ ထွက်ရှိသောသီးနှံများ ကုန်စည်ဒိုင်သို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ စတုတ္ထပတ်မှ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများအနေဖြင့် ပဲစင်းငုံနီ၊ ပဲယင်းဝါ၊ ပဲယင်းနီနှင့် နှမ်းမျိုးစုံများအနက် ပဲယင်းဝါနှင့်ပဲယင်းနီသီးနှံများမှာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယပတ်မှစတင်ဝင်ရောက်၍ အရောင်းအဝယ်သွက်နေကြောင်း၊ စျေးနှုန်းများအနေဖြင့် ပဲယင်းဝါ တစ်တင်းလျှင် ဇန်နဝါရီလ၊ ဒုတိယပတ်တွင် ကျပ် ၅၃,၀၀၀ ဖြင့်လည်းကောင်း၊ တတိယပတ်တွင် ကျပ် ၅၃,၅၀၀ ဖြင့်လည်းကောင်း၊ စတုတ္ထပတ်တွင် ကျပ် ၅၆,၀၀၀ ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလ ဆန်းတွင်ကျပ် ၆၀,၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှုအနေဖြင့် တစ်ရက်လျှင် အိတ် ၅၀ မှ ၅၀၀ အထိရှိခဲ့ကြောင်း သိရသည်။

ပဲယင်းနီစျေးနှုန်းအနေဖြင့် တစ်တင်းလျှင် ဇန်နဝါရီလ၊ ဒုတိယပတ်တွင် ကျပ် ၇၆,၅၀၀ ဖြင့် လည်းကောင်း၊ တတိယပတ်တွင်ကျပ် ၇၈,၀၀၀ ဖြင့်လည်းကောင်း၊ စတုတ္ထပတ်တွင် ကျပ် ၇၉,၂၀၀ ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီလဆန်းတွင် ကျပ် ၇၇,၀၀၀ ဖြင့်လည်းကောင်း၊ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်နှင့်ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

Source: commerce.gov.mm

## ဆိပ်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ(မိုး)အသစ် စျေးနှုန်းစျေးကွက်နှင့်ကုန်စည်စီးဆင်းမှု



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ ကိုးတောင့်အုပ်စု၊ ချင်တောင်အုပ်စု၊ မြင်ကဝအုပ်စု အတွင်းရှိကျေးရွာများနှင့် ဆင်ဖြူကျွန်း၊ စလင်း၊ ချောက်၊ ရေနံချောင်းမြို့နယ်များအတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော ကြက်သွန်နီအသစ်များ ဇန်နဝါရီလဆန်းမှစတင်၍ ဆိပ်ဖြူကုန်စည်ဒိုင်သို့ ကြက်သွန်နီပိဿာချိန် ၅ သောင်းမှ ၁ သိန်းအထိ ဥပုသ်နေ့မှလွဲ၍ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး တစ်လအတွင်း ပိဿာချိန် သိန်း ၂၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း ကုန်စည်ဒိုင်စျေးကွက်မှသိရသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းမှစတင်၍ ကြက်သွန်နီအသစ်များ စတင်ထွက်ပေါ်လျက်ရှိရာ သီးနှံပေါ်စအချိန်တွင် တစ်ပိဿာလျှင် ထိပ်စအမြင့်စျေး ကျပ် ၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကြက်သွန်နီအသစ်များ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ကြက်သွန်နီအသစ် တစ်ပိဿာလျှင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမပတ်တွင် ထိပ်စအမြင့်စျေး ကျပ် ၂,၂၀၀-၂,၄၇၅ ဖြင့်လည်းကောင်း၊ ဒုတိယပတ် တွင် ကျပ် ၂,၀၀၀-၂,၃၂၅ ဖြင့်လည်းကောင်း၊ တတိယပတ်တွင် ကျပ် ၁,၈၅၀-၁,၉၅၀ ဖြင့်လည်းကောင်း၊ စတုတ္ထပတ်တွင် ကျပ် ၁,၈၇၅-၁၅၅၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူကုန်စည်ဒိုင်သို့ မိုးကြက်သွန်နီအသစ်များ ဇန်နဝါရီလဆန်းမှစတင်၍ ကုန်စည်ဝင်ရောက်မှု များပြားလျက်ရှိရာ စျေးနှုန်းတရိပ်ရိပ် ကျဆင်းလျက်ရှိကြောင်း၊ ဇန်နဝါရီလအတွင်း မိုးကြက်သွန်နီအသစ် တစ်ပိဿာလျှင် ကျပ် ၆၀၀ ခန့် စျေးနှုန်းကျဆင်းသွားကြောင်း၊ ပြည်တွင်းစျေးကွက်အနေဖြင့် ဆိပ်ဖြူမြို့နယ်မှထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၊ ပုသိမ်မြို့နှင့်အခြားမြို့များသို့ နေ့စဉ်တင်ပို့လျက်ရှိပြီး ပြည်ပစျေးကွက်အနေဖြင့် တရုတ်၊ ထိုင်းတို့သို့ တင်ပို့လျက်ရှိကြောင်း၊ ဇန်နဝါရီလအတွင်း ကုန်စည်စီးဆင်းမှုအနေဖြင့် ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ၁၂ ဘီးကား ၁၀၄ စီးဖြင့် ပိဿာချိန် ၁၁ သိန်းခန့်၊ မြဝတီမြို့သို့ တွဲကားအစီး ၃၀ ဖြင့် ပိဿာချိန် ၆ သိန်းခန့်၊ မော်လမြိုင်မြို့သို့ ၁၂ ဘီးကား ၂၂ စီးဖြင့် ပိဿာချိန် ၂ သိန်းခန့်၊ ပုသိမ်မြို့သို့ ၆ ဘီးကား ၁၅ စီးဖြင့် ပိဿာချိန် ၁ သိန်းခန့်၊ စုစုပေါင်းကြက်သွန်နီပိဿာချိန် သိန်း ၂၀ ခန့်၊ တန်ချိန်အားဖြင့် ၃၂၆၆ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း ကုန်စည်ဒိုင်မှသိရှိရသည်။

Source: DOCA (မကွေး)

Commerce.gov.mm

## Coconut project မှ "အုန်းအခြေခံထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲ" ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

အက်ခ်မက်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (ACEMES–ROK Cooperation Fund) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော အလားအလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုး ကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်းအစီအစဉ်အရ "အုန်းအခြေခံထုတ်ကုန်ပစ္စည်းများပြပွဲနှင့်ပြိုင်ပွဲ"ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စီမံကိန်းမှ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း (၈) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ကဦးဆောင်၍ ပြခန်းအရေအတွက်နှင့် ပြခန်းတည်ဆောက်သည့်အစီအစဉ်၊ ပြပွဲတွင် ပါဝင်ပြသမည့်သူများ ပြပွဲသို့လာရောက် ခင်းကျင်းပြသရမည့် အစီအစဉ်၊ ပြိုင်ပွဲဝင်ပစ္စည်းများထားရှိမည့်အစီအစဉ်၊ ပြပွဲနှင့်ပြိုင်ပွဲကို အများပြည်သူသိရှိစေရန်အတွက် website များတွင် ထည့်သွင်းရန်နှင့် ကြော်ငြာဆိုင်းဘုတ်ပြုလုပ်၍ ကြော်ငြာသွားရန်စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နံနက် ၁၁:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

**Source: Myantrade.gov.mm**

## ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၌ ဝါသီးနှံဈေးကောင်းရရှိ၍ တောင်သူများ အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝါသီးနှံစိုက်ပျိုးရန် ဝါကြီး ၇၅၀ ဧက၊ ချည်မျှင်ရှည်ဝါ ၆၇၅၀ ဧကလျာထားခဲ့ပြီး ဝါကြီး ၁၈၀၄ ဧကနှင့် ချည်မျှင်ရှည်ဝါ ၅၈၃၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဝါအမျိုးအစားများအနေဖြင့် ရွှေတောင် ၈/၁၀ မျိုး၊ ရာကာ ၆၆၆ မျိုး၊ ငွေချည် ၆/၉ မျိုး စသည့်ဝါများကို စိုက်ပျိုးကြကြောင်း သိရသည်။

ဝါသီးနှံများကိုမိုးကြိုရာသီဖြစ်သော ဖေဖော်ဝါရီလနှင့်မတ်လများတွင်လည်းကောင်း၊ မိုးရာသီဖြစ်သော မေလနှင့်ဇွန်လ၊ ဇူလိုင်လနှင့်ဩဂုတ်များတွင် စိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် ထွက်ရှိသော ဝါသီးနှံများမှာ ဇူလိုင်လနှင့်ဩဂုတ်များတွင် စိုက်ပျိုးသော သီးနှံများဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇၂၀ ပိဿာကျော် ထွက်ရှိရာ ဝါသီးနှံထွက်ပေါ်ချိန်တွင် အခါလွန်မိုးရွာသွန်းမှုကြောင့် အထွက်နှုန်းအနည်းငယ်ကျဆင်းလာကြောင်း၊ ဈေးနှုန်းအနေဖြင့် ဝါသီးနှံထွက်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ၃,၅၀၀ ကျပ် ဈေးနှုန်းရှိခဲ့ပြီး ယခုအချိန်တွင် ဝါတစ်ပိဿာလျှင် ၃၃၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်တွင် ဝါတစ်ပိဿာလျှင် ၂,၃၀၀ ကျပ်သာရှိခဲ့ရာ ယခုနှစ်တွင် ဝါသီးနှံဈေးကောင်းရရှိလာကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နယ်မှထွက်ရှိသော ဝါများကို မြို့ပေါ်ရှိ ဝါစက်များနှင့် ဝါဒိုင်များသို့ သွားရောက်ရောင်းချကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် ဝါသီးနှံအထွက်နှုန်းလျော့နည်းခဲ့သော်လည်း ဈေးနှုန်းကောင်းမွန်သည့်အတွက် အကျိုးအမြတ်များရရှိခဲ့ကြောင်း သိရှိရသည်။

DOCA (ပဲခူး)

source: https://www.commerce.gov.mm

## ထိုင်းနိုင်ငံ၊ ပို့ကုန်လုပ်ငန်းရှင်များကောင်စီ၏ ၂၀၂၄ ခုနှစ်အတွက် ပို့ကုန်ခန့်မှန်းချက်သည် ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းကြားရှိ

ထိုင်းနိုင်ငံ၏ ယခုနှစ် ပို့ကုန်ခန့်မှန်းချက်သည် ၁-၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သို့သော် ထိုင်းနိုင်ငံ၏ ပို့ကုန်လုပ်ဆောင်ချက်အပေါ် တန်ပြန်သက်ရောက်လာနိုင်သည့် ပင်လယ်နီအတွင်း ပဋိပက္ခကဲ့သို့သော မခန့်မှန်းနိုင်သည့် ကိစ္စရပ်များစွာရှိနိုင်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များကောင်စီဥက္ကဋ္ဌ Mr. Chaichan Chareonsuk ၏ ပြောကြားချက်အရ သိရှိရပါသည်။

ဇန်နဝါရီလအတွင်း ပို့ကုန်တန်ဖိုးသည်အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံဖြစ်သဖြင့် ယခင်နှစ်ကာလတူ ကုန်သွယ်မှုပမာဏနှင့်တူညီပါကြောင်း၊ ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံမှ ၂၂ ဘီလီယံခန့်ရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ မတ်လအတွက် ခန့်မှန်းချက်မှာမူ ယခင်နှစ်ပို့ကုန်ပမာဏသည် တရုတ်နိုင်ငံသို့ ဒူးရင်းသီးပို့ကုန်ကြောင့် အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံထိ ရောက်ရှိခဲ့ပြီး မြင့်မားခဲ့သဖြင့် စိန်ခေါ်မှုဖြစ်နိုင်ပါကြောင်း၊ ယခုနှစ်တွင် မိုးခေါင်မှုကြောင့် သစ်သီးထုတ်လုပ်မှု နှောင့်နှေးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပင်လယ်နီပဋိပက္ခသည် သင်္ဘောလုပ်ငန်းများကို ထိခိုက်ခဲ့ပြီး နေ့စဉ်ကုန်သေတ္တာသင်္ဘောလမ်းကြောင်းသည် ၁၀၀-၁၂၀ မှ ၅၀ သို့ ကျဆင်းခဲ့ပါကြောင်း၊ အခြေအနေသည် ကြာရှည်ပြီး ကူးစက်လာမည်ဆိုပါက သင်္ဘောတင်ပို့ခနှုန်းထား ၄ ဆ ၅ ဆ မြင့်တက်လာသကဲ့သို့ ထုတ်လုပ်မှုကုန်ကျစရိတ်များလည်း မြင့်တက်လာနိုင်ကြောင်း၊ သင်္ဘောတင်ပို့ခများသည် မြင့်မားနေဆဲဖြစ်ပြီး ပထဝီနိုင်ငံရေးပဋိပက္ခများအပြင် တရုတ်နှစ်သစ်ကူးကြောင့် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့်လည်းဖြစ်ကြောင်း၊ ပွဲတော်ကာလပြီးမြောက်ပါက အခြေအနေသည် သက်သာလာနိုင်ခြင်း ရှိ၊ မရှိ ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ပြင်းထန်လာသည့် ပထဝီနိုင်ငံရေး ပဋိပက္ခများကြောင့် ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးပြန်လည်ကောင်းမွန်လျက်ရှိသည့် အရှေ့အလယ်ပိုင်း၊ တောင်အာဖရိကနှင့်အိန္ဒိယကဲ့သို့သော နိုင်ငံများကို စီးပွားရေးအရ စိန်ခေါ်မှုများရှိနေသည့် အဓိက ကုန်သွယ်ဖက်နိုင်ငံများနေရာတွင် အစားထိုးခြင်းဖြင့် ဈေးကွက်သစ်များရှာဖွေမှုကို အရှိန်မြှင့်တင်ရန်လိုအပ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုခိုင်မာခြင်းဖြင့် အခြေအနေများတိုးတက်လာနိုင်ကြောင်း Mr. Chaichan က သုံးသပ်အကြံပြုထားပါသည်။

ဒီဇင်ဘာလအတွင်း ပို့ကုန်သည် ၅ လမြောက်အဖြစ် မြင့်တက်ခဲ့ပါကြောင်း၊ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈ ဘီလီယံ၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈ ဘီလီယံ ဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၉၇၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၈၅ ဘီလီယံ၊ သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၂၉၀ ဘီလီယံ၊ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၉ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်တိုးတက်မှုကို အမေရိကန်ဒေါ်လာ ၂၉၀ ဘီလီယံသို့ရောက်ရှိရန် ခန့်မှန်းထားကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ထားချက်အရ သိရှိရပါသည်။

ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာခြင်း၊ ပွဲတော်ကာလများတွင် ဝယ်လိုအားမြင့်တက်လာနိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံ၏ ပို့ကုန်ကို တိုးမြင့်ခန့်မှန်းထားသော်လည်း ပထဝီနိုင်ငံရေးအခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များအပေါ်တွင် စိုးရိမ်မှုရှိနေဆဲဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: www.bangkokpost.gov၊**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

## STOCK EXCHANGE (8.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,178 (Shares) | 6,234,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,600 | 8,700 | 8,600 | 130 | 1,121,000 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,950 | 2,850 | 1,287 | 3,724,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 22 | 173,800 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 437 | 658,350 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 243 | 449,800 | 19,977,223 | 37,957 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 1 | 4,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 58 | 101,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 7th Feb. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.43 | +0.00 | +0.00% | 365.90 | 366.93 | 362.33 | 2,178 | 6,234,050 | 8 | 691,160 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 8th Feb. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,653 (Shares) | 6,957,000 (MMK) |

| MYANPIX | 366.30 ▼ 0.13 |
|---|---|
| Total Volume (shares) | 2,653 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 690,916 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |